


TV

Team Villians

ဘာသာပြန် စာရေးဆရာ – Team

# ရူပါဝီလိန်စနစ်

(ဝမ်ပေဟာင်ရန်)

(Chapter 46 - 60)

စာစဉ် – ၄

# အပိုင်း ၄၆

## ရှုးလောက်စရာ အပြောင်းအလဲ

ရှုမုယန်လည်း သူမအမေပြောတာကို ဘေးကနေနားထောင်ရင်းနဲ့ ရှော့ရသွားတယ်။

ဝမ်ဟောင်ရန် နေလည်ခင်းခွင့်ယူသွားတုန်းက ဒီလိုဖြစ်လာခဲ့မယ််လို့ သူမလည်းမထင်ထားပါဘူး။

"အဖေဝမ်ဟောင်ရန့်ကိုအထင်လွဲနေတာလို့ သမီးပြောသားပဲ။ သူက တခြားသူဌေးသားတွေနဲ့မတူဘူးဆိုတာကို အဖေယုံပြီမလား" ရှုမုယန်က အပြစ်တင််လိုက်တယ်။

"အဖိုးကြီးရှု၊ ရှင်တစ်ခုခုတော့ မှားနေပြီထင်တယ်။ ယန်ယန်ကကျမကိုဖုန်းဆက်ဖို့ တစ်ခြားတစ်ယောက်ရဲ့ဖုန်းကိုငှါးတာလေ။ ဘယ်လိုလုပ် ဒီလိုမကောင်းတဲ့အတွေးမျိုးတွေရှိမှာလဲ" ရှေ့နေအန်က ပြောလိုက်တယ်။

အဲ့ဒီ့အခါ ရှုကျန်းကချုပိုင့်ကို လှမ်းကြည့်လိုက်တယ်။

"ဒါပေမယ့် ငါကြားတာတော့ ဝမ်ဟောင်ရန်က ကျောင်းမှာလူမိုက်တစ်အုပ်နဲ့ အနိုင်ကျင့်နေတတ်ပြီးတော့ သူ့မှာရည်းစားတွေလည်း အများကြီးရှိတယ်ဆို"

ဒါကိုကြားတဲ့အခါ ရှုမုယန်က ချုပိုင့်ကိုလှမ်းကြည့်လိုက်ပြီးတော့ ရှုအဖေကိုပြောလိုက်တယ်။

"အဖေဘာတွေပြောနေတာလဲ။ ကျောင်းမှာ ဝမ်ဟောင်ရန့်ကအနိုင်မကျင့်

တတ်တဲ့အပြင် သူ့ကိုအထင်ကြီးလေးစားကြတဲ့ ကျောင်းသားတွေတောင်မှ အများကြီးရှိတယ်။ ဝမ်ဟောင်ရန့်ရဲ့ပညာရေးအဆင့်တွေကလည်း အရမ်းကောင်းပြီးတော့ သမီးနဲ့တောင်အဆင့်အတူတူပဲ။ ဝမ်ဟောင်ရန့်မှာ သူ့ညီငယ်တွေနဲ့အတူ အနိုင်လိုက်ကျင့်နေဖို့ အချိန်ဘယ်လိုလုပ်ရှိမှာလဲ။ ရည်းစားတွေအများကြီးထားဖို့ကိစ္စဆိုရင် ပိုပြီးတော့တောင်မဖြစ်နိုင်သေးတယ်။

"အဲ့တာကတကယ်လား" ရှုကျန်းက ချူပိုင့်ကိုလှမ်းကြည့်လိုက်တယ်။

ချူပိုင်လည်း အပြစ်ရှိသလိုခံစားရတဲ့အတွက် ခေါင်းညိတ်လိုက်တယ်။

သူကဝမ်ဟောင်းရန့်ကို မကောင်းပြောခဲ့ပေမယ့် ရှုကျန်းကအဲ့ဒီ့ကိစ္စကိုမေးလိမ့်မယ်လို့ သူမထင်ထားခဲ့ပါဘူး။

"ကျတော် နည်းနည်း ချဲ့ကားပြောလိုက်တာပါ" ချူပိုင်က နှာခမ်းကိုက်လိုက်ပြီးတော့ ရှုကျန်းကိုပြောလိုက်တယ်။

ရှုကျန်းအေးခဲသွားတယ်။

ချူပိုင်ကသူ့သမီးကို သဘောကျတယ်ဆိုတာကိုသူသိပေမယ့် အခြားသူတစ်ယောက်ကို နာမည်ဖျက်ဖို့လုပ်တယ်ဆိုတာကတော့ အနည်းငယ်ဆိုးဝါးပါတယ်။

"ချူပိုင်၊ ဒီလိုလုပ်တာက မင်းအတွက်လည်းမကောင်းဘူး" ရှုကျန်းကချူပိုင့်ကို စိုက်ကြည့်လိုက်တယ်။

"ဦးလေးရှု၊ တကယ်ဆိုဒါက သူလူတစ်ယောက်ကိုသတ်မိလုနီးပါးဖြစ်ခဲ့တာနဲ့ယှဉ်ရင် ဘာမှမဟုတ်သေးဘူး" ဝမ်ဟောင်ရန် မနေနိုင်ပဲချူပိုင့်ကိုဂျင်းဝင်ထည့်လိုက်တယ်။

"တစ်ယောက်ယောက်ကို သတ်မိလုနီးနီးဖြစ်ခဲ့တာလား" ရှုကျန်းအံ့သြ

သွားတယ်။

"ဦးလေးမသိသေးဘူးထင်တယ်။ အဲ့ဒီ့ကိစ္စက..." နေ့လည်က ကျောက်စိမ်းစက်ရုံမှာ ချူပိုင်သူခိုးဖမ်းဖို့ လုပ်ခဲ့တဲ့ကိစ္စကို ဝမ်ဟောင်ရန် ပြောပြလိုက်တယ်။

"ကြီးကြပ်ရေးမှူးထန် ဒီကိစ္စကိုပြောတာလည်း ငါကြားဖူးတယ်။ သူမက ချူပိုင့်ကိုတရားစွဲချင်ပေမယ့် ကျောင်းအုပ်ကြီးကဝင်ပြောပေးလို့ ဒီကိစ္စကို ဘာမှမလုပ်ပဲထားပေးလိုက်တာ" ရှေ့နေအန်ကလည်း ပြောလိုက်တယ်။

ရှူကျန်း ချူပိုင့်ကိုဒီတစ်ခါကြည့်တဲ့အခါမှာတော့ သူ့ရဲ့အကြည့်တွေက အနည်းငယ်ပြောင်းလဲသွားပါတယ်။

[ဒင်၊ စနစ်ရှင်သည် ချူပိုင့်အပေါ် ဇာတ်ပို့ရှူကျန်း၏ ဘဘောထားကို သုည အထိလျော့ကျစေခဲ့သည်။ ဇာတ်ပို့ရှူကျန်းသည် ဇာတ်လိုက်ဘက်မှထွက် သွားပြီး ယခုအခါကြားနေအခြေအနေတွင် ရှိနေသည်]

[ဒင်၊ စနစ်ရှင်သည် မူရင်းဇာတ်လမ်းအပြောင်းအလဲကို လွှမ်းမိုးလိုက် နိုင်သည်။ ဗီလိန်အမှတ် +၁၀၀]

စနစ်ရဲ့ အချက်ပေးသံကိုကြားလိုက်တဲ့အခါ ဝမ်ဟောင်ရန်ကြိတ်ပြုံးလိုက် မိတယ်။

ဒါက ပထမပိုင်းပဲရှိသေးတယ်။ ဒုတိယပိုင်း မလာရသေးဘူး။

ဒီအချိန်လောက်ဆို ဖန်ကျန့်လည်း ဒီကိုရောက်နေလောက်ပြီမလား။

ဒီကောင် အစီအစဉ်ကိုရောအောင်မြင်ခဲ့ရဲ့လား?

ဝမ်ဟောင်ရန်အနည်းငယ် စိတ်ပူသွားတယ်။

ဒီပြဿနာက ငါ့ကိုဦးနှောက်မကောင်းတဲ့ကောင်တွေနဲ့ တွဲပေးခဲ့တဲ့ စာရေးဆရာအစုတ်ပလုတ်ကြောင့်ပဲ။

ကျို၊

ဒီအချိန်မှာ စက်ဘီးဘရိတ်အုပ်သံတစ်သံ လမ်းဘက်ကနေတော့ ထွက်ပေါ်လာတယ်။

ဖန်ကျန့် အချိန်မီရောက်လာတာပဲ။

သူစက်ဘီးကိုရပ်ပြီးတဲ့အခါ ဟိုဟိုဒီဒီကြည့်ပြီးတော့ မြစ်ကမ်းဘက်ကို လျှောက်လာခဲ့တယ်။

"ငါကျခဲ့တဲ့ပိုက်ဆံကို မင်းကောက်ထားသေးလား" ဖန်ကျန့်က ချူပိုင့်ကို ပြောလိုက်တယ်။

"မင်းဘာတွေလျှောက်ပြောနေတာလဲ။ မင်းကျခဲ့တဲ့ပိုက်ဆံကို ငါဘာလို့ ကောက်ထားရမှာလဲ။ မင်းဟာသတွေလာပြောနေတာပဲ" ချူပိုင်က စိတ်ထဲမှာ ထိတ်လန့်သွားပေမယ့် အပြင်ပိုင်းမှာတော့ တည်ငြိမ်ဟန်ဆောင်ထားလိုက်တယ်။

"ငါဒီလမ်းအတိုင်းပဲသွားခဲ့ပြီးတော့ ဘယ်သူနဲ့မှလည်းမတွေ့ခဲ့ဘူး။ ဒါ အပြင်မင်းနဲ့လည်း စကားများခဲ့သေးတယ်။ မင်းနဲ့မတွေ့ခင်တုန်းက ငါ့မှာ ပိုက်ဆံတွေရှိနေသေးတယ်ဆိုတာကို ငါအသေအချာမှတ်မိတယ်။ မင်းနဲ့ တွေ့ပြီးသွားမှပဲ ပျောက်သွားတာ။ မင်းကောက်ပြီးတော့ လွယ်အိမ်ထဲမှာ ဖွက်ထားတာမလား" ဖန်ကျန့်က ချူပိုင့်ရဲ့နောက်ကို လှမ်းကြည့်လိုက်တယ်။

"မင်းဘာတွေပြောနေတာလဲဆိုတာ ငါမသိဘူး" ချူပိုင်က မထီမဲ့မြင်ပြုပြီး နှုတ်ခမ်းကိုတွန့်ကွေးလိုက်ပေမယ့် မသိစိတ်အရတော့ လွယ်အိတ်ကို ဆုပ်ကိုင်ထားမိလိုက်တယ်။

"မင်းရဲ့အိတ်ကို စစ်ကြည့်ခွင့်ပေး။ တကယ်လို့မရှိဘူးဆိုရင် ငါမင်းကိုပြန်တောင်းပန်မယ်"

"မရဘူး။ ငါအိတ်ကိုလည်း မင်းကိုမပြဘူး"

"ငါ့ကိုစစ်ကြည့်ခွင့်ပေး" ဖန်ကျန့်က ဒေါသထွက်လာပြီးတော့ ချူပိုင့်ကို တိုက်ခိုက်ဖို့လုပ်လိုက်ပေမယ့် သူ့ရဲ့ခန္ဓာကိုယ်က ချူပိုင့်ရဲ့ပြိုင်ဘက်မဟုတ်နိုင်ပါဘူး။

ဒါပေမယ့် ရှုကျန်းကသူတို့နှစ်ယောက်ကို ဝင်တားလိုက်တဲ့အတွက် ဖန်ကျန့်ကံကောင်းသွားပါတယ်။

ဒီအချိန်မှာပဲဝမ်ဟောင်ရန်က ထပြောလိုက်တယ်။

"ဖန်ကျန့်၊ မင်းရဲ့ပိုက်ဆံက လမ်းပေါ်မှာကျခဲ့ပြီးတော့ ဘယ်သူကောက်သွားလဲဆိုတာမသေချာဘူးလေ။ မင်းချူပိုင့်ကို တိုက်ရိုက်ကြီးစွတ်စွဲတယ်ဆိုတာကတော့ သိပ်မဖြစ်သင့်ဘူးလေ"

ဒီတရားမျှတတဲ့အသံကိုကြားလိုင်တဲ့အခါ ချူပိုင်အံ့သြသွားပြီးတော့ သတိအနေအထားကို ဖယ်ရှားမိလိုက်တဲ့အခါ ဝမ်ဟောင်ရန်က သူ့ရဲ့အိတ်ကိုဆွဲယူလိုက်တယ်။

"ချူပိုင် မင်းရဲ့ပိုက်ဆံတွေကို မယူထားဖူးဆိုတာကိုငါယုံတယ်။ မင်းမယုံရင် အိတ်ဖွင့်ပြီးမင်းကိုပြပေးမယ်"

သူ့ရဲ့မာစတာအဆင့် ဝင်ချွန်းပညာနဲ့ဆိုရင် တစ်စက္ကန့်လောက်အတွင်းမှာ လက်သီးချက်တစ်ဒါဇင်လောက်ကိုထိုးနိုင်ပြီးတော့ သူ့ရဲ့လှုပ်ရှားမှုတွေကအရမ်းမြန်ပါတယ်။ လွယ်အိတ်ကို ဆွဲလုဖို့ဆိုတာက သူ့အတွက်အလွယ်လေးပါပဲ။

ချူပိုင့်အတွက်တော့ တားဖို့ဆိုတာနောက်ကျသွားပါပြီ။

လွယ်အိတ်ကိုဖွင့်လိုက်တာနဲ့ ပိုက်ဆံတွေကထွက်လာပါတယ်။

"အာ၊ ဒါက..." ဝမ်ဟောင်ရန် ဘာမှမပြောနိုင်ပဲဖြစ်သွားတယ်။

ဖန့်ကျန့်က သူသရုပ်ဆောင်ရမယ့်အချိန်ကိုရောက်ပြီဆိုတာသိလိုက်ပြီး တော့ ချက်ချင်းပဲပြောလိုက်တယ်။

"ဒီဟာတွေက ငါ့ပိုက်ဆံတွေပဲ။ ငါပြောတဲ့အတိုင်းပဲ ချူပိုင်ငါ့ပိုက်ဆံတွေကို တကယ်ကောက်ထားတာပဲ"

သူချူပိုင့်မျက်နှာကို လက်ညိုးနဲ့ထိုးပြီးတော့ ဒေါသတကြီးပြောလိုက်တယ်။

"ဒီပိုက်ဆံတွေက ငါအဖွားကိုဆေးကုမဲ့ပိုက်ဆံတွေ။ ဒါကိုမင်းက မင်းပိုက်ဆံတွေအဖြစ်အပိုင်သိမ်းထားဖို့ လုပ်ခဲ့သေးတယ်။ တကယ်လို့ သူမရဲ့အဖွားကိုကိုကုဖို့ပိုက်ဆံမရှိရင် ငါ့အဖွားသေတောင်သေသွားနိုင်တယ်ဆိုတာ မင်းသိရဲ့လား"

သူ့အဖွားနေမကောင်းဘူးဆိုတာက ဖန့်ကျန့်လျှောက်ပြောနေတာပါ။

သူခွင့်ယူတဲ့အခါတိုင်း ဒီလိုမျိုးအကြောင်းပြချက်တွေကိုသုံးနေကြပါ။ အဖွားနေမကောင်းလို့၊ အဖိုးနေမကောင်းလို့၊ အဖေနေမကောင်းလို့...

ဖန့်ကျန့်နဲ့ ဆွေမျိုးတော်တဲ့လူတိုင်းက တစ်ခါလောက်တော့နေမကောင်းဖြစ်ဖူးကြရတာပါပဲ။

ဖန့်ကျန့်လိမ်ပါများလာတဲ့အခါ သူ့ရဲ့စကေးတွေက အရမ်းကိုမှကျွမ်းကျင်လာပါတယ်။

တကယ်အဖြစ်မှန်ကိုသိတဲ့ဝမ်ဟောင်ရန်ကလွဲရင် တခြားသူတွေအားလုံးက ဖန့်ကျန့်ပြောတာကို ယုံသွားကြတယ်။

ရှုမုသားစုသုံးယောက်ရဲ့ ချူပိုင့်အပေါ်အမြင်တွေက ပြောင်းကုန်ပါပြီ။

[ဒင်၊ စနစ်ရှင်သည် ဇာတ်လမ်းကိုကြိုးကိုင်ပြီး ချူပိုင့်အပေါ် ရှုကျန်း၏အမြင်ကိုလျော့ကျစေခဲ့သည်။ လက်ရှိအဆင့်မှာ ရွံ့ရှာစက်ဆုပ်သော

အခြေအနေတွင်ရှိသည်]

[ဒင်၊ စနစ်ရှင်သည် မူရင်းဇာတ်လမ်းကို လွှမ်းမိုးလိုက်နိုင်သည်။ ဗီလိန် အမှတ် +၁၀၀]

ဝမ်ဟောင်ရန် စနစ်ရဲ့အချက်ပေးသံကို ကြားလိုက်ရတယ်။

ရှုကျန်းအတွက်ပဲ ဗီလိန်အမှတ်ရပြီးတော့ ရှုမုယန်နဲ့ရှေ့နေအန်အတွက်မပါဘူး။

ဘာလို့လဲဆိုတော့ ရှုမုယန်က ချူပိုင့်ကိုအရင်တစ်ခေါက် စက်ဆုပ်သွားကတည်းကဆုရပြီးသားမလို့ပါ။

ဒီကိစ္စတစ်ခုတည်းကို ဆုနှစ်ခါမရနိုင်ဘူး။

ရှေ့နေအန်ကတော့ အစကတည်းက ဇာတ်လိုက်ရဲ့ဘက်ကိုပါမနေတဲ့အပြင် ဝမ်ဟောင်ရန့်ဘက်ကိုတောင် အနည်းငယ်ပါနေပါသေးတယ်။

ဒါကြောင့်မလို့ ရှေ့နေအန်ကချူပိုင့်ကို မုန်းသွားလည်း ဗီလိန်အမှတ်တွေရမှာမဟုတ်ပါဘူး။

"ငါဒီပိုက်ဆံတွေကိုကောက်ရထားတာ။ ဒါပေမယ့် ငါမင်းကိုပြန်မပေးဖို့မစီစဉ်ထားဘူး။ ငါမင်းကို ခြောက်လှန့်ချင်ရုံသက်သက်ပဲ။ ဒါကိုမင်းကအရမ်းလာမောက်မာပြနေတာကိုး" ချူပိုင်က သူ့ကိုယ်သူအပြစ်လွတ်အောင်ပြောလိုက်ပေမယ့် သူ့အသံကတော့ အတော်လေးကိုတိုးနေပါတယ်။

ရှုမိသားစုကချူပိုင့်ကို မုန်းသွားတာကိုတော့ ပြန်ပြင်လို့မရတော့ပါဘူး။

ဒီအခြေအနေကိုတွေ့တဲ့အခါ ဝမ်ဟောင်ရန်အရမ်းဝမ်းသာသွားတယ်။

ရှုမုသားစုသူ့ကို အထင်ကြီးသွားစေမယ့်အရာတစ်ခုခုကို ချူပိုင်မလုပ်နိုင်သေးသ၍တော့ ရှုမိသားစုက သူ့ကိုစက်ဆုပ်နေတော့မှာပါ။

"အော့..."

အဲ့ဒီအချိန်မှာ ရှုကျန်းက သူ့ဗိုက်ကိုလက်နဲ့ဆုပ်ကိုင်ထားပြီးတော့ မျက်နှာကရှုံ့မဲ့နေတယ်။

ရှုမုယန်နဲ့သူမအမေတို့ ဒါကိုမြင်တဲ့အခါ ထိတ်လန့်သွားပြီးတော့ အလျင်အမြန်ပဲမေးလိုက်ပေမယ့် ရှုကျန်းက ပုံမှန်ပဲပြန်ဖြစ်သွားတယ်။

"ငါအစောနလေးတုန်းက ဝမ်းဗိုက်ရဲ့ဘယ်ဘက်ခြမ်းကနာလာလို့ပါ။ ဒါပေမယ့် အခုတော့ပြန်အဆင်ပြေသွားပါပြီ"

"တကယ်အဆင်ပြေတာရော ဟုတ်ရဲ့လား။ ဆေးရုံမှာသွားစစ်ကြည့်ကြမလား" ရှုမုယန်က စိုးရိမ်ပြီးတော့ မေးလိုက်တယ်။

"မင်းအဖေက နေကောင်းပါတယ်။ ဒီကိစ္စလောက်လေးနဲ့တော့ ဆေးရုံကိုသွားစရာမလိုပါဘူး" ရှုကျန်းက တိုက်ရိုက်ပဲငြင်းပယ်လိုက်တယ်။

"ယောကျာ်း ရှင်သွားစစ်ဆေးကြည့်လိုက်တာကောင်းမယ်နော်" ရှေ့နေအန်ကလဲ ဝင်ပြောလိုက်ပါတယ်။

"သွားသွား မသွားသွား ငါအဆင်ပြေပါတယ်" ရှုကျန်းက ဆုံးဖြတ်ချက်ချလိုက်တယ်။

သူကအမြဲနေကောင်းနေပြီးတော့ တစ်နှစ်မှာတစ်ခါလောက်တောင် နေမကောင်းမဖြစ်တဲ့အတွက် ဆေးရုံလိုနေရာမျိုးကို သွားလေ့မရှိပါဘူး။

ရှုကျန်းရဲ့အခြေအနေတွေကို မြင်လိုက်တဲ့အခါ ဝမ်ဟောင်ရန်စဉ်းစားမိသွားတယ်။

ချူပိုင့်အပေါ် ရှုမိသားစုရဲ့ အမြင်တွေကဆိုးရွားနေပြီးတော့ ရှုကျန်းကလဲ အခုလိုမျိုးရုတ်တရက်ထဖြစ်တယ်ဆိုတော့ ဒါကချူပိုင့် သူ့ရဲ့ဇာတ်လိုက်ထီးဆောင်းမှတ်ကြောင့် အခွင့်အရေးတစ်ခုခုရတာများ ဖြစ်နေမလား။

ဝမ်ဟောင်ရန် ဒီလိုကိစ္စတွေကို ခဏခဏကြုံဖူးပါတယ်။

ဒါပေမယ့် ချူပိုင်ရဲ့စွမ်းရည်က ရှုထောင့်စွမ်းရည်လေ၊ ကုသခြင်းစွမ်းရည် မှမဟုတ်တာ။ ချူပိုင်က ရှုကျန်းကိုဆေးကုပေးနိုင်လို့လား?

ဟုတ်သားပဲ၊ ရှုထောင့်စွမ်းရည်!

ဝမ်ဟောင်းရန် ရုတ်တရက် သတိဝင်သွားပြီးတော့ ရှုထောင့်စွမ်းရည်နဲ့ ရှုကျန်းအုပ်ထားတဲ့ဝမ်းဗိုက်နေရာကို ကြည့်လိုက်တယ်။

***